**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**

**IRD's Tax Payment Hub Portal တွင် အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကို အသုံးပြု၍ အခွန်ရုံးများသို့ အခွန်ပေးဆောင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းပြည်သူများ အခွန်ပေးဆောင်ရာတွင် လွယ်ကူမြန်ဆန်စေရန်အတွက် အီလက်ထရောနစ်နည်းဖြင့် အခွန်ငွေပေးဆောင်နိုင်မည့်နည်းလမ်းများကို အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကဘဏ်များ၏ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကွန်ယက်စနစ် (CBM-NET) မှ တစ်ဆင့်လည်းကောင်း၊ MPU E-Commerce ကိုအသုံးပြု၍ Online မှလည်းကောင်း ပေးဆောင်နိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၂။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ အီလက်ထရောနစ်နည်းဖြင့် အခွန်ငွေပေးဆောင်နိုင်မည့်နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) e-Commerce ဖွင့်လှစ်ထားသော MPU Debit Card အသုံးပြု၍ Online မှ အခွန်ငွေပေးဆောင်ခြင်း (**https://www.ird.gov.mm မှတစ်ဆင့် အခွန်ငွေပေးသွင်းခြင်း**)၊

(ခ) **မိုဘိုင်းအီလက်ထရောနစ်ငွေပေးချေမှုစနစ်** သို့မဟုတ် ပုဂ္ဂလိကဘဏ်များတွင် ဖွင့်လှစ်ထားသော ငွေစာရင်းမှ CBM-NET System ရှိ CCT Function ကိုအသုံးပြု၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ငွေပေးသွင်းခြင်း။

၃။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အထက်ပါနည်းလမ်းများအပြင် ဦးစီးဌာန၏ Website မှတစ်ဆင့် Multi-Channel Tax Payment Platform အနေဖြင့် အသုံးပြုအခွန်ငွေပေးဆောင်နိုင်ရန်အတွက် IRD's Tax Payment Hub Portal အား အကောင်အထည်ဖော်ခဲ့ရာ ပထမအဆင့်အနေဖြင့် ၁-၉-၂၀၂၄ ရက်နေ့မှစ၍ ယူအေဘီဘဏ် (uab Bank) ၏ uab Pay နှင့် uab Banking ဖြင့်လည်းကောင်း၊ e-Commerce ဖွင့်လှစ်ထားသော MPU Debit Card အသုံးပြု၍လည်းကောင်း အခွန်ငွေပေးသွင်းနိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အဆိုပါ IRD's Tax Payment Hub Portal မှတစ်ဆင့် အခြားသောဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၏ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် ပေးသွင်းနိုင်ရန် စနစ်ပိုင်းချိတ်ဆက်ပြီးချိန်တွင်လည်း အချိန်နှင့်တစ်ပြေးညီ အသိပေးသွားမည်ဖြစ်ပါသည်။

၅။ IRD's Tax Payment Hub Portal မှတစ်ဆင့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)တို့မှ ကုမ္ပဏီအဖွဲ့အစည်း

အခွန်ထမ်းများနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (၁၁၁) ရုံးတို့မှ တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများသည် e-Commerce ဖွင့်လှစ်ထားသော MPU Debit Card ကိုအသုံးပြု၍ Online မှလည်းကောင်း၊ ယူအေဘီဘဏ် (uab Bank) ၏ uab Pay နှင့် uab Banking တို့ဖြင့် အခွန်ငွေပေးဆောင်နိုင်သည့် အပြင် လက်ရှိကျင့်သုံးလျက်ရှိသော ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် အီလက်ထရောနစ်ငွေပေးချေမှု နည်းလမ်းများဖြင့်လည်း ဆက်လက်ပေးဆောင်နိုင်ပါသည်။

၆။ အခွန်ထမ်းပြည်သူများအနေဖြင့် အီလက်ထရောနစ်နည်းလမ်းကိုအသုံးပြု၍ အခွန်ငွေပေး ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်းရှိ အင်တာနက်ရရှိသော မည်သည့်နေရာမှမဆို အချိန်မရွေး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ခြင်း၊ ငွေကြေးကိုင်တွယ်မှုလျှော့ချနိုင်ခြင်း၊ မိမိနှင့်သက်ဆိုင်သော အခွန်ငွေပေးသွင်းခဲ့သည့်အချက်အလက်များကို ဦးစီးဌာန၏ Data Center ရှိ Database တွင် သိမ်းဆည်းထားသဖြင့် စနစ်တွင် မှတ်ပုံတင် (Register) ပြုလုပ်၍ ဝင်ရောက်စစ်ဆေးကြည့်ရှုနိုင်ခြင်း၊ ထိုသို့ စစ်ဆေးနိုင်ခြင်းကြောင့် ငွေကြေးဆုံးရှုံးမှု၊ အလွဲသုံးစားမှုနှင့် မသမာမှုဖြစ်ပွားခြင်း အန္တရာယ် တို့ကို ကြိုတင်ကာကွယ်နိုင်ခြင်းဟူသည့် ကောင်းကျိုးများကို ခံစားရမည်ဖြစ်ပါသည်။

၇။ သို့ဖြစ်ပါ၍ ကုမ္ပဏီအဖွဲ့အစည်းအခွန်ထမ်းများသည် အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) ကို အသုံးပြု၍လည်းကောင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် (သို့မဟုတ်) အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) ကိုအသုံးပြု၍လည်းကောင်း၊ မြန်မာနိုင်ငံ အတွင်းရှိ အင်တာနက်ရရှိသော မည်သည့်နေရာမှမဆို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော https://www.ird.gov.mm ၏ Homepage ရှိ e-Payment Menu Link မှတစ်ဆင့် (သို့မဟုတ်) https://onlinepayment.ird.gov.mm Link မှတစ်ဆင့် IRD's Tax Payment Hub Portal သို့ ဝင်ရောက်အသုံးပြုနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၈။ အခွန်ထမ်းပြည်သူများအနေဖြင့် အီလက်ထရောနစ်နည်းလမ်းကိုအသုံးပြု၍ အခွန်ငွေပေး ဆောင်ခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက အခွန်ထမ်းဝန်ဆောင်မှု ဗဟိုအဖွဲ့ရုံး (ရန်ကုန်) (၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) (၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) (၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉)၊ အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရေးစင်တာ (e-Service Help Desk Center) (၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀၁၉၅၊ ၀၁-၈၃၇၉၀၂၁) နှင့် သက်ဆိုင်ရာ မြို့နယ်အခွန်ရုံးများထံ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**